# အမှာစာ

ကမ္ဘာနှင့်အဝန်း ဒေသအားလုံး၌ စီးပွားရေးအပြောင်းအလဲတို့သည် အကောင်းဘက်တွင်ဖြစ်စေ၊ အဆိုးဘက်တွင်ဖြစ်စေ ကြီးကြီးကျယ်ကျယ် ဖြစ်ထွန်းနေကြ၏။ အံ့မခန်း (Miracle) ဆိုသော စကားကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြခြင်းသည် ဤအဓိပ္ပာယ်ကို ဖွင့်လှစ်ပြခြင်း ဖြစ်တန်ရာသည်။ ဤသို့ ဖြစ်ထွန်းမှု၏ အကျိုးဆက်အနေအထားဖြင့် သမိုင်းတွင် မကြုံဖူးလောက်အောင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဖိုမ မရွေး၊ လူတိုင်းလိုလိုက စီးပွားရေးအကြောင်းတို့ကို အလွန်သိချင်လာကြကုန်၏။ အလွန်နားလည်ချင်လာကြကုန်၏။ ဤသည်ပင် တစ်ဆက်တည်း၌ စီးပွားရေးပညာအကြောင်းတို့ကိုလည်း အလွန်သိချင်လာကြပေသည်။

သို့ဖြင့် စီးပွားရေးပညာအကြောင်း သိလိုစိတ်များ အံ့မခန်း ပြင်းထန်ကျယ်ပြန့်လာသောအခါ၌ ရှေးမဆွက ရှေးလူကြီးသူမတို့၏ ဘောဂဗေဒပညာနှင့် ပတ်သက်သော အမြင်သဘောထားတစ်ခုသည် အကဲစမ်းခံရသလို ဖြစ်လာသည်။ ဘောဂဗေဒသည် ထိုင်းမှိုင်းသောဘာသာရပ် (Dismal science) ဖြစ်သည်ဟု ရှေးလူကြီးတို့က ဆိုခဲ့ကြသည်။

ယခု ဤဘာသာရပ်သည် မထိုင်းမှိုင်းတော့ပြီ။ မူရင်းကျမ်းပြုဆရာတို့၏ သီအိုရီက မည်မျှပင် နားမလည်နိုင်လောက်အောင် ရှိစေကာမူ နောက်ပိုင်း ၎င်းကာဖွင့်သူတို့က လူအများ နားလည်အောင်



သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး ရေးသားပေးကြရ၏။ ထို့ပြင် ကမ္ဘာအနှံ့ မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေသော စီးပွားရေးဖြစ်ရပ်တို့ကို အချိန်မီဖော်ပြရာ၌လည်းကောင်း၊ ထိထိမိမိ ဝေဖန်စိစစ် သုံးသပ်ပြရာ၌ လည်းကောင်း၊ သက်ဆိုင်ရာ စာရေးဆရာ၊ သတင်းစာဆရာတို့ကလည်း တတ်နိုင်သမျှ အများနားလည်အောင် သွက်သွက်နှင့်ရှင်းရှင်း ရေးသား လွှင့်ထုတ်လာကြရသည်။

လူအများကလည်း ဤစီးပွားရေးကျမ်း၊ ဤစီးပွားရေးသတင်း၊ ဤစီးပွားရေးဝေဖန်ချက်တို့ကို ခေတ်၏ အရှိန်နှင့်အညီ အမီလိုက်ရန်အလို့ငှာ ရည်ညွှန်းစာအုပ်များ အဆောတလျင် လိုလာကြပြန်သည်။ ဤစီးပွားရေးပညာအဘိဓာန်သည် ဤလိုအပ်ချက်ကို ဖြည့်ဆွမ်းပေးရန် ရည်ရွယ်ပါသည်။ ထို့ပြင် မူရင်းကျမ်းများပါ စကားရပ်တို့ကိုသာမက ယခုမျက်မှောက်ခေတ်၏ အလွန်တရာ ရှုပ်ထွေးလှသော စီးပွားရေးဖြစ်ထွန်းမှုတို့မှ စကားရပ်တို့ကိုလည်း နောက်ဆုံးနေ့အထိ ခေတ်မီအောင် အသစ်ထပ်မံ စုဆောင်းပြီး သင့်လျော်သော အဓိပ္ပာယ်ရှင်းလင်းချက်တို့ဖြင့် ဖြည့်စွက်ပြီး ကြိုးစားပြုစုထားပါသေးသည်။

ဤအဘိဓာန်သည် စီးပွားရေးပညာကို လိုက်စားနေသူများသာမက သာမန်အရပ်သူအရပ်သားများလည်း လွယ်ကူစွာ နားလည်စေရန် ကြိုးပမ်းထားပါသည်။ ဤအဘိဓာန်စာအုပ် ဖြစ်မြောက်ရေးအတွက် ကူညီအားပေးသူတိုင်းအား အလွန်တရာမှ ကျေးဇူးတင်ပါသည်။

**မောင်စူးစမ်း**
**၁၂. ၆. ၁၉၉၄**
**(ပထမအကြိမ်ထုတ်ဝေစဉ်က အမှာစာ)**

# A

**Ability to Invest** - **မတည်မြှုပ်နှံနိုင်သော အင်အား။**

လူတစ်ယောက်၏ ဝင်ငွေထဲမှ နေထိုင်စားသုံးမှုအတွက် စားစရိတ်ကိုနုတ်လျှင် ကျန်ငွေသည် မ,တည်မြှုပ်နှံနိုင်သော အင်အားဖြစ်သည်။ ဤအင်အားကို အစိုးရ၏ အခွန်ကောက်ခံခြင်းက ယုတ်လျော့စေ၏။ ထို့ကြောင့် မ,တည်မြှုပ်နှံနိုင်သော အင်အားသည် နေထိုင်စားသောက်မှုစရိတ်ထုထည်၊ အခွန်ထမ်းဆောင်မှု၏ အရေအတွက်နှင့် အစိုးရ၏ ဘတ်ဂျက်ပိုငွေရှိ၊ မရှိတို့အပေါ်တွင် တည်နေသည်။

**Ability to Pay** - **ထမ်းဆောင်နိုင်သည့် အင်အား။**

အခွန်ထမ်းဆောင်နိုင်သည့် အင်အားကို ဆိုလိုသည်။ အခွန်ထမ်းဆောင်နိုင်သည့် အင်အားကို တိုင်းတွာရာမှာ ဤသို့ဖြစ်သည်။ လူတိုင်း၌ ဝင်ငွေရှိသည်။ ဤဝင်ငွေမှ စီးပွားရေး သက်သာချောင်ချိမှုကို ရသည်။ အခွန်ပေးရသည့်သဘောမှာ ဤဝင်ငွေမှ စီးပွားရေး သက်သာချောင်ချိမှု တစ်စိတ်တစ်ဒေသကို စွန့်လွှတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ထမ်းဆောင်နိုင်သော အင်အားဆိုသည်မှာ စီးပွားရေးသက်သာချောင်ချိမှု အနည်းဆုံး စွန့်လွှတ်၍ ထမ်းဆောင်နိုင်သော အင်အားကိုခေါ်သည်။ ဝင်ငွေနှင့် စီးပွားရေး သက်သာချောင်ချိမှုကို ဆက်သွယ်ရန် ထမ်းဆောင်နိုင်သော အင်အားကို တိုင်းတွာကြသည်။ လူတိုင်း၌ အခွန်ပေးဆောင်ခြင်းဖြင့် စီးပွားရေးချောင်ချိမှု တစ်စိတ်တစ်ဒေသကို စွန့်လွှတ်၍ အနစ်နာခံရန် တာဝန်ရှိသည်။ ထိုမှမှ အမျိုးမျိုးထွက်လာသည်။ တချို့က အချိုးကျ အနစ်နာခံရမည်ဟု ဆိုသည်။ တချို့က အနည်းဆုံး အနစ်နာ ခံရမည်ဟု ဆိုသည်။ တချို့က နဂိုရှိရင်း ဝင်ငွေဖြန့်ဖြူးမှု ပုံစံမပျက် မထိခိုက်ဘဲ အနစ်နာခံရမည် ဆိုသည်။

**Ability to Receive** - **ရနိုင်သောအင်အား။**

တိုင်းသူပြည်သားတို့သည် အစိုးရအား အခွန်ပေးဆောင်ခြင်းဖြင့် အနစ်နာခံရသည်။ တစ်